# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

April 23 , 2024 Volume 77, Number 12

၂၃.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၂၃၀၈ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၁.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၂၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာ့ ပဲမျိုးစုံတင်ပို့မှုကဏ္ဍမှ ပြည်ပပို့ကုန်ဝင်ငွေကို အများဆုံး ရှာဖွေပေးနေဟုဆို



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို ပြည်ပတင်ပို့ရာတွင် ပို့ကုန်ဝင်ငွေကို အများဆုံးရှာဖွေပေးနေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

တရုတ်နှင့်အိန္ဒိယနိုင်ငံတို့မှ အဓိကစားသုံးသူဖြစ်ပြီး မတ်ပဲနှင့်ပဲစင်းငုံကို အိန္ဒိယနိုင်ငံမှ အဓိက ဝယ်ယူခြင်းဖြစ်သည်။ ယခုဘဏ္ဍာနှစ်တွင် ပြည်ပပဲတင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံခန့်အထိ ရရှိရန် ခန့်မှန်းထားကြောင်းလည်း သိရသည်။
အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ ဒသမ ၅ သိန်းနှင့် ပဲစင်းငုံတန်ချိန် ၁ သိန်းတို့ကို ဝယ်ယူတင်သွင်းရန် မြန်မာနိုင်ငံနှင့် MoU လက်မှတ်ရေးထိုးထားသည်။

မြန်မာနိုင်ငံတွင် အဓိကသီးနှံများအနေဖြင့် စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့အားစိုက်ပျိုးပြီး တစ်နိုင်ငံလုံး၏ စိုက်ပျိုးထုတ်လုပ်မှုတွင် ပဲအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်သည်။

နှစ်စဉ် ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှုအနေဖြင့် တစ်နိုင်ငံလုံး၏ လယ်ယာထွက်ပစ္စည်း ထွက်ရှိမှု၏ (၃၃) ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ စိုက်ပျိုးမြေဧရိယာ၏ (၂၀) ရာခိုင်နှုန်းခန့်သည် ပဲမျိုးစုံစိုက်ပျိုးနေပြီး ပဲမျိုးစုံစိုက်ဧက၏ (၇၂) ရာခိုင်နှုန်းသည် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံများဖြစ်ပြီး ပဲလွန်း၊ မြေထောက်ပဲ၊ ထောပတ်ပဲ၊ ပဲယင်း၊ ကုလားပဲ၊ ပဲပုပ်၊ စားတော်ပဲနှင့်အခြားပဲများလည်း

စိုက်ပျိုးကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=156303

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန်ချိန် (၂,၂၀၀)ကျော် တင်ပို့နိုင်ခဲ့



၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပျားရည် မက်ထရစ်တန် (၂၂၀၀)ကျော် တင်ပို့နိုင်ခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ (နေပြည်တော်)မှ သိရသည်။

ယင်းသို့ တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ မက်ထရစ်တန်ချိန် (၁၅၀၀) ကျော်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး တရုတ်၊ ကိုရီးယားနှင့်ထိုင်းနိုင်ငံသို့ နှစ်စဉ်ပျားရည်တန်ချိန် (၂၀၀) ခန့် တင်ပို့နေရကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှ ဆီး(ဇီး)ပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်နှင့် ပန်းပေါင်းစုံပျားရည် တန်ချိန် (၃၀၀) ခန့်ထွက်ရှိကြောင်းလည်း သိရသည်။ အဆိုပါ ဆီးပျားရည်၊ နေကြာပျားရည်၊ နှမ်းပျားရည်နှင့်ပန်းပေါင်းစုံပျားရည်သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ မကွေးတိုင်းဒေသကြီးမှ အဓိကထွက်ရှိပြီး ပြည်တွင်းစားသုံးမှုမှာ နှစ်စဉ် တန်ချိန် (၁၀၀) ခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသဖြစ်သော ပျားမွေးမြူမှု အဓိကဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ပျားမွေးမြူရေးစခန်းခြောက်ခုနှင့် ပုဂ္ဂလိက ပျားမွေးမြူသူ (၇၈) ဦးရှိပြီး ပျားအုံပေါင်း (၁၃၀၀၀) ကျော်ရှိကြောင်းလည်း သိရသည်။

ထို့ပြင် ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်နှင့် ဆီး(ဇီး)ပျားရည်သည် ၆၀ ရာခိုင်နှုန်း၊ ပန်းပေါင်းစုံပျားရည်သည် ၁၀ ရာခိုင်နှုန်းထွက်ရှိပြီး ပြည်ပတင်ပို့မှုတွင် နေကြာပျားရည်သည် ဈေးနှုန်းအများဆုံးရရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=156279

## ပြည်တွင်းသကြားဈေး မြင့်တက်လာတာနှင့်အတူ ကြံတစ်တန်ဈေး တိုးမြှင့်ပေးသွားမည်

ပြည်တွင်းသကြားဈေး မြင့်တက်လာတာနှင့်အတူ ကြံစိုက်တောင်သူများအား ကြံတစ်တန် ငွေကျပ် ၂၀၀၀၀ ခန့် တိုးမြှင့်ပေးသွားမည်ဖြစ်သည်။

မတ်လကုန်ပိုင်းက ပြည်တွင်းသကြားဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၁၇၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဧပြီ ၂၀ ရက်တွင် သကြားတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ပေါက်ဈေးဖြစ်လာသည်။

ကြံရာသီအစတွင် တောင်သူများအား ကြံတစ်တန်လျှင် ငွေကျပ် ၁၃၀၀၀၀ သာ ဈေးဖြတ်ထားရာ ယခု ကြံရာသီမသိမ်းမီ ပြည်တွင်းသကြားဈေး မြင့်တက်လာတာကြောင့် တောင်သူများအား ကြံတစ်တန်လျှင် ငွေကျပ် ၁၅၀,၀၀၀ ခန့် တိုးမြှင့်ပေးစေချင်ကြောင်း ကြံစိုက်တောင်သူများထံက သိရသည်။

“ကြံရာသီအစမှာ ကြံတစ်တန် ငွေကျပ် ၁၃၀,၀၀၀ ပဲ ပေးထားတာပါ။ အခု ပြည်တွင်းသကြားဈေးက မြင့်တက်လာတော့ ကြံတစ်တန်ဈေးကိုလည်း တိုးမြှင့်ပေးစေချင်ပါတယ်။ တောင်သူများအနေနဲ့ စက်သုံးဆီ၊ ကြံခုတ်ခနှင့်အခြားသွင်းအားစုများ ဈေးတွေကမြင့်တက်နေတော့ တောင်သူတွေအနေနဲ့ စိုက်ပျိုးစရိတ်ပိုမိုကုန်ကျထားပါတယ်။ လက်ရှိမှာ သကြား စက်ကြီးတွေကလည်း ကြံစိုက်ဧကရဲ့ ၅၅ ရာခိုင်နှုန်းလောက်သာ ကြိတ်ဝါးနိုင်သေးတယ်၊ လာမယ့် မေလကုန်အထိ မိုးရွာသွန်းမှုမရှိဘဲ ကြိတ်ဝါးနိုင်မှသာ ကြံစိုက်ဧကများ အကုန်ကြိတ်ဝါးနိုင်မှာဖြစ်ပါတယ်”ဟု မောင်းကုန်းဒေသ ကြံစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်တွင် သကြားစက်ရုံကြီးများမှ ကြံရာသီကုန်သည်အထိ ကြိတ်ဝါးပြီးသွားပါက တစ်နိုင်ငံလုံးအနေဖြင့် သကြား တန်ချိန် ၅ သိန်းခန့်ထွက်ရှိလာမည်ဖြစ်ကြောင်း ယခင်နှစ်ထက် ကြံတန်ချိန်တစ်သိန်းခန့် ပိုမိုထုတ်လုပ်နိုင်ပြီး နိုင်ငံခြားသို့လည်း

တင်ပို့လျက်ရှိသည်။

ယခုနှစ် ပြည်တွင်းသကြားသုံးစွဲမှု မြင့်မားလာတာနှင့်အတူ ပြည်ပတင်ပို့မှုများရှိနေတာကြောင့် ပြည်တွင်းသကြားဈေးက ကမ္ဘာ့သကြားဈေးထက် မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့သကြား ဈေးကျဆင်းမှုရှိနေသော်လည်း နိုင်ငံခြားငွေလဲနှုန်း မြင့်မားနေတာကြောင့် ပြည်တွင်းသကြားဈေးမှာ ယခုလို မြင့်တက်လာခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးကပြောသည်။

မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ယခုနှစ်ကြံရာသီအပြီးတွင် သကြားတန်ချိန် ၅ သိန်းကျော် ထွက်ရှိနိုင်ပြီး ပြည်တွင်းသုံးစွဲမှု မှာလည်း တန်ချိန် ၄ သိန်းခန့်ရှိပြီး ပြည်ပသို့ တန်ချိန် ၁ သိန်းဝန်းကျင်ခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်ဈေးကွက်ကြိုက် မြန်မာမြစ်ဝကျွန်းပေါ်ကဏန်းများ




ကာလရှည်ကြာစွာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိနေသည့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြားတွင် ကုန်သွယ်ရေးလုပ်ငန်းများလည်း လုပ်ကိုင်နေသလို ရေထွက်ကုန်စည်များ ကုန်သွယ်လုပ်ဆောင်ရာတွင် မြစ်ဝကျွန်းပေါ်ဒေသထွက် ကဏန်းများမှာလည်း ဈေးကွက်အကြိုက် ဖြစ်လာကြသည်။

မြန်မာ့ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံမှ အဓိကဝယ်ယူ တင်သွင်းခြင်းများရှိသလို ပြီးခဲ့သော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စာရင်းများအရ ရေထွက်ပစ္စည်း အမေရိကန်ဒေါ်လာ ၂၅၄ သန်း တင်ပို့ခဲ့ပြီး ယင်းပမာဏမှာ မြန်မာ့ရေထွက်ပစ္စည်းများ စုစုပေါင်းတင်ပို့မှု၏ ၆၅ ရာခိုင်နှုန်းအထိရှိခဲ့သည်။

နောက်ပိုင်းတွင် ကပ်ရောဂါအခြေအနေကြောင့် ကုန်သွယ်မှုများ အနည်းငယ်ဆိုင်းသွားခဲ့ပြီး နောက်ပိုင်းတွင် ကုန်သွယ်မှုများကို တွင်ကျယ်စွာ ပြန်လည်၍လုပ်ဆောင်လာခဲ့ကြသည်။ ယခုလို ကာလတွင်လည်း ကျိုင်းတုံ-မိုင်းလားလမ်းဘက်မှ တင်ပို့ခြင်းများရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ကဏန်းကို ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်မှ အများဆုံး ဖမ်းဆီးထုတ်လုပ်လျက်ရှိပြီး လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီးရှိ မြစ်ဝကျွန်းပေါ်ဒေသမှ ကဏန်းများက အများဆုံး ဈေးကွက်ဝင်နေလျက်ရှိသည်။

သဘာဝမှ ဖမ်းဆီးရရှိသည့်ကဏန်းများကို စနစ်တကျဖြင့် ပြန်လည်မွေးမြူထုတ်လုပ်၍ ကဏန်းပျော့ထုတ်ကုန်အဖြစ် တင်ပို့ခြင်းများရှိသည်။ ကဏန်းကို တန်ဖိုးမြှင့်ထုတ်လုပ်ထားသည့် ကဏန်းပျော့ထုတ်ကုန်မှာ ပြည်တွင်းရှိ စားသောက်ဆိုင်များတွင် ဈေးနှုန်းကြီးမားသည့် ဟင်းလျာအဖြစ်ရှိနေပြီး တရုတ်ဈေးကွက်မှ နှစ်သက်စွာ ဝယ်ယူမှုအများဆုံးသော အခြေအနေကို ပိုင်ဆိုင်ထားသည်။

ထို့အပြင် စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်စသည့်ဒေသများမှလည်း ဝယ်ယူရန်ကမ်းလှမ်းခြင်းများရှိနေပြီး ပြည်တွင်းမှ ပို့ကုန်လုပ်ငန်းရှင်အချို့က တင်ပို့မှုများရှိလာကြသည်။ ကဏန်းများ ဝယ်လိုအားကောင်းလာသလို ဈေးကောင်းလည်းရနေပြီး မြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာမြို့အတွင်း ကဏန်းအဝယ်ဒိုင်အရေအတွက် ၁၀၀ ကျော်အထိဖွင့်လှစ်ကာ ဒေသအနီး ကျေးရွာအသီးသီးမှ လာရောက်ရောင်းချကြသည့်ကဏန်းများကို ဝယ်ယူနေကြခြင်းဖြစ်သည်။

ထိုသို့ဝယ်ယူသည့်အဝယ်ဒိုင်များက ဘိုကလေးမြို့ရှိ ဒိုင်ကြီးများဆီ တစ်ဆင့်ရောင်းချပြီး ယင်းမှတစ်ဆင့် ရန်ကုန်ဈေးကွက်သို့ပို့ဆောင်ကာ ပို့ကုန်လုပ်ငန်းရှင်များနှင့်ချိတ်ဆက်၍ ပြည်ပဈေးကွက်သို့ တင်ပို့ကြခြင်းလည်းဖြစ်သည်။ ဈေးကွက်အတွင်း ကဏန်းအဝယ်ဆွဲမှုများခြင်းကြောင့် ကဏန်းကုန်ကြမ်းများလည်း ရှားပါးလာသလို ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။

ကဏန်းတင်ပို့နေသော်လည်း ဝင်ငွေပိုမိုစေသည့် တန်ဖိုးမြှင့်ထုတ်ကုန် ကဏန်းပျော့အဖြစ် ပြန်လည်မွေးမြူလုပ်ကိုင်သူများမှာ လက်ရှိတွင် ကုန်ကြမ်းရှားလာခြင်းကြောင့် လုပ်ကိုင်သူ ၂၀ ရာခိုင်နှုန်းဝန်းကျင်လောက်သာ လုပ်ကိုင်နေကြသော်လည်း ထွက်သမျှထုတ်ကုန်တိုင်းသည် ဈေးကောင်းရနေသည့်အတွက် အခြေအနေကောင်းကို ပိုင်ဆိုင်ရရှိနေခြင်းဖြစ်သည်။

ပြည်တွင်းဈေးကွက်တွင် ယခင်က ကဏန်းပျော့ တစ်ပိဿာကို ၁၄,၀၀၀ ကျပ်အထိရရှိခဲ့ပြီး ၂၀၂၂ ခု နှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်မှစတင်၍ တစ်ပိဿာ ၈,၀၀၀ ကျပ်ခန့်ထိ ဈေးထိုးကျသွားခဲ့ဖူးသော်လည်း ၂၀၂၃ ခုနှစ်အတွင်း ဈေးနှုန်းများ တရိပ်ရိပ်တက်လာကာ လက်ရှိတွင် အရွယ်အစားပေါ်မူတည်၍ ၁၆,၀၀၀ ကျပ်မှ ၂၀,၀၀၀ ကျပ်နီးပါးရှိနေပြီဖြစ်သည်။

ထိုကဏန်းပျော့မွေးမြူရေးလုပ်ငန်းကို ယခုလိုနွေရာသီကာလအတွင်း အဓိကထားလုပ်ကိုင်ကြပြီး မွေးမြူသည့် ကန်တစ်ကန်လျှင် လုပ်သားဦးရေ ၂၀ ဝန်းကျင်လောက် အသုံးပြုကြရသည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်စွမ်းလည်းရှိသည်။

ကဏန်းပျော့မွေးမြူသည့်လုပ်ငန်းမှာ ၁၀၀ ဂရမ်အောက် ရွံ့ကဏန်းများကိုဝယ်ယူပြီး အခွံပျော့ကဏန်းအဖြစ် မွေးမြူကြခြင်းဖြစ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းရာရောက်စေသည့် အခြေအနေလည်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကဏန်းပျော့မွေးမြူရေးကိုလုပ်ကိုင်နေသည့် လုပ်ငန်းများစွာရှိနေပြီး ၎င်းတို့ကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ၏ဘဏ္ဍာငွေအဖြစ် ဒေါ်လာ သန်း ၄၀ ဝန်းကျင်ခန့် ရှာဖွေပေးနိုင်သောအခြေအနေမျိုးကို ပိုင်ဆိုင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ကဏန်းများကို တရုတ်နိုင်ငံသို့ တင်ပို့နေသော ပို့ကုန်ဝယ်လက်များနှင့်အပြိုင် ထိုင်းဘက်သို့တင်ပို့သည့် ဝယ်လက်များကလည်း အပြိုင်ဝယ်ယူနေကြသည်။ ထိုင်းနယ်စပ်ဖြစ်သည့် မော်တောင်ကုန်သွယ်ရေးစခန်းမှ ယခု ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်မှ ဧပြီလ ၂ ရက်အထိ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၃၆၉ သန်းဖိုးတင်ပို့သည့် ပို့ကုန်များတွင် ၃၁ ဒသမ ၃၀၀ တန်ဖြင့် တင်ပို့ခဲ့သည့် ရေထွက်ကုန်ပစ္စည်းများအတွင်း ကဏန်းများလည်းပါဝင်ခဲ့သလို တန်ဖိုးအားဖြင့် ဒေါ်လာ ၀ ဒသမ ၀၅၈၀ သန်းရရှိသည့်အနက် ကဏန်းမှာ ၂၂၅၀ ဒသမ ၇၈၀ ဒေါ်လာရရှိခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများတွင် ဖော်ပြထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ၂၀၂၃ ခုနှစ် ဧပြီလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ ကာလအတွင်း ပုံမှန်ပင်လယ် ရေကြောင်းကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၈၄၂၄ ဒသမ ၈၃၁ သန်း၊ နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၄၉၂၃ ဒသမ ၉၃၈ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၃၄၈ ဒသမ ၇၆၉ သန်းကို ကုန်သွယ်မှုများ ပြုလုပ်နိုင်ခဲ့သည်။

ယင်းအနက်တွင် ရေထွက်ကုန်ပစ္စည်းများ၏ ကုန်သွယ်မှုမှာ ပုံမှန်ပင်လယ်ရေကြောင်းကုန်သွယ်ရေး မှ အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၉၄၃ သန်း၊ နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၂၇၉ ဒသမ ၈၂၅ သန်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃၈ ဒသမ ၇၆၈ သန်းတို့ကို ကုန်သွယ်နိုင်ခဲ့သည်။ ထိုရေထွက်ကုန် ပစ္စည်းများအနက်တွင် ကဏန်းပို့ကုန်များမှာလည်း အရေးပါသည့် အခြေအနေမျိုးဖြင့် အပါအဝင်ဖြစ်ခဲ့သည်။

လက်ရှိတွင်လည်း ပြည်ပပို့ရန်အတွက် မြစ်ဝကျွန်းပေါ်ဒေသမှ ကဏန်းကုန်သည်များက ရန်ကုန်ရှိ ပို့ကုန်လုပ်ငန်း ကုမ္ပဏီများထံသို့ ပို့ဆောင်လာကြခြင်းဖြစ်သလို ပြည်ပဈေးကွက်အတွင်း မြန်မာ့ကဏန်းများမှာ ဈေးကွက်ဝင်နေဦးမည် ဖြစ်သလို ဈေးကွက်အကြိုက်အနေအထားဖြင့် တည်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

Opinion Leaders မှ ကူးယူဖော်ပြအပ်ပါသည်။

**Source:** https://t.me/htwettoe

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၈-၄-၂၀၂၄ မှ ၁၂-၄-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၁၅၁,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၄၂၂,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၉၅၅,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၂၄,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၂၈,၀၀၀ နှင့် ပဲစင်းငုံ

Red/RC (2024 Crop ) ကျပ် ၁၉၂,၀၀၀ အသီးသီးဈေး မြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၅၀လုံး (တန်ချိန် ၃၆၀၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၂၅ လုံး (တန်ချိန် ၃၀၀၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀)လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၅၂၀၀၊ မြားနီ ကျပ် ၅၂၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၉၅၀၀ နှင့် မြစ်ဝပု ကျပ် ၉,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ်(သစ်) AC ကျပ် ၇၀၀၊ မြားနီ ကျပ် ၄၀၀ နှင့် ဆင်ဖြူကျွန်း (ပု) ကျပ် ၅၀၀ အသီးသီး ဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၉၀၀၀ (၁၈၀,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၉၀၀ ( ၂၈,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၆၅၀၀ (၁၃၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၄၀၀ (၂၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၂၅၀၀ (၅၀,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀၀( ၇၅၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၄၆၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၅၀၀၊ ပခုက္ကူကြမ်း ကျပ် ၄၂၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၅၀၀၊ ကြံသကာ ကျပ် ၄၀၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၄၇၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒုံး) ကျပ် ၄၀၀ ၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၅၀၊ ပခုက္ကူကြမ်း ကျပ် ၃၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၉၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၈-၄-၂၀၂၄ မှ ၁၂-၄-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့်အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၆၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၀၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၀၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၈၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၈၅ စီး (၁,၁၁၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၃၀ စီး (၇၈၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅၅ စီး(၃၃၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၂၀၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၂၀၀၊

အောင်ပန်းထူး-၄ ကျပ် ၇၆၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၇၀၀ (၁၄၁,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၃၅၀၀ (၁၀၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၁၂၀ (၃၆,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်၊ ဟဲဟိုးမြို့မှ အာလူးများဝင်ရောက်လျက်ရှိရာ အာလူးတစ်ပိဿာဈေးနှုန်းများမှာ ဟဲဟိုး A1 ကျပ် ၁၆၀၀ ၊ ဟဲဟိုး OK ကျပ် ၂၁၀၀ ၊ ဟဲဟိုး S1 ကျပ် ၂၁၀၀၊ ဟဲဟိုး S2 ကျပ်၁၆၀၀ ဈေးနှုန်းအသီးသီးခဲ့ဖြစ်သည်။ တစ်ပတ်အတွင်း အာလူးဈေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ကားအစီးရေ ၂၆ စီး (၁၅၆.၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန္တလေးပဲဈေးကွက်အတွင်း သင်္ကြန်ပြီးကာလတွင် မတ်ပဲ ပဲစင်းငုံ မြေထောက်ပဲနှင့်ကုလားပဲများ အရောင်းအဝယ်သွက်လျက်ရှိ

မန္တလေးဈေးကွက်အတွင်း သင်္ကြန်ကာလဈေးကွက်ပြန်ဖွင့်ချိန်တွင် မတ်ပဲ၊ ပဲစင်းငုံ၊ မြေထောက်ပဲနှင့် ကုလားပဲများ ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲကုန်သည်များ၏ ပြောပြချက်အရသိရသည်။

ပြည်တွင်းမှ ထွက်ရှိသောပဲများကို အိန္ဒိယနိုင်ငံမှ ဝယ်လိုအားမြင့်တက်နေမှုကြောင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေခြင်းဖြစ်ပြီး လက်ရှိတွင် မန္တလေးဈေးကွက်၌ မတ်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၉၅,၀၀၀ အထိနှင့် ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀,၀၀၀ ခန့်ဈေးရှိကြောင်း၊ အလားတူ မြေထောက်ပဲနှင့်ကုလားပဲများမှာလည်း ဒုတိယဈေးကောင်းအရဆုံးပဲများအဖြစ် ရပ်တည်နေကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

"မန္တလေးဈေးကွက်ဖွင့်ဖွင့်ချင်း မတ်ပဲ၊ ပဲစင်းငုံ၊ မြေထောက်ပဲနဲ့ကုလားပဲတွေ အရောင်းအဝယ်သွက်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ကာလတူက မတ်ပဲသုံးတင်းဝင်တစ်အိတ်ကို ငွေကျပ် ၁၈၀,၀၀၀ ရှိခဲ့ပေမယ့် ဒီနှစ်မှာ ငွေကျပ် ၃၉၅,၀၀၀ အထိ ဈေးရနေပါတယ်။

ပဲစင်းငုံကလည်း ပြီးခဲ့တဲ့နှစ်က သုံးတင်းတင်တစ်အိတ်ကို ငွေကျပ် ၂၆၀,၀၀၀ ဝန်းကျင်ရှိပြီး ဒီနှစ် ငွေကျပ် ၃၇၀,၀၀၀ ခန့် ဈေးရနေပါတယ်။ အထူးသဖြင့် အိန္ဒိယနိုင်ငံက ဝယ်လိုအားကြောင့် အခုလို ဈေးကောင်းရရှိနေတာဖြစ်ပါတယ်" ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်က မြန်မာနိုင်ငံမှ မတ်ပဲနှင့်ပဲစင်းငုံများကို ချိန်ဆဝယ်ယူခဲ့သော်လည်း ယခုနှစ်တွင် ရသလောက် ဝယ်ယူလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ယခုကဲ့သို့ ဈေးကောင်းရရှိလာခြင်းကြောင့် ပြည်တွင်းရှိ တောင်သူများသာမက နိုင်ငံတော်အတွက်ပါ **နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိစေကြောင်းသိရသည်။**

မြန်မာနိုင်ငံမှထွက်ရှိသော ပဲမျိုးစုံကို အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဗီယက်နမ်၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် တခြားပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့် တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source: မြဝတီသတင်းစာ**

## ခရီးသွားကာလဖြစ်သောကြောင့် ပုသိမ်ထီးအရောင်းသွက်နေ

ခရီးသွားကာလဖြစ်သောကြောင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှထွက်ရှိသော ပုသိမ်ထီးများ အရောင်းသွက်ပြီး ထီးတစ်လက်လျှင် ငွေကျပ် ၆၀၀၀ မှ ၆၅၀၀ အထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်ထီးလုပ်ငန်း လုပ်ကိုင်သူများ၏ ပြောပြချက်အရ သိရသည်။

"ပုသိမ်ထီးလုပ်ငန်းကို မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြတာပါ။ လက်ရှိကာလက မော်တင်စွန်းဘုရားဖူး၊ ငွေဆောင်နဲ့ ချောင်းသာကမ်းခြေတွေကို လာရောက်လည်ပတ်တဲ့ကာလဖြစ်တော့ ပုသိမ်ထီးတွေအရောင်းအဝယ်ကောင်းတယ်။ ဈေးကောင်း



လည်းရနေတယ်။ ကုန်ကြမ်းဈေးတက်နေလို့ ရရှိနေတဲ့ဈေးနဲ့တော့ တွက်ခြေသိပ်မကိုက်ဘူးပေါ့” ဟု ပုသိမ်မြို့မှ ပုသိမ်ထီးလုပ်ငန်းလုပ်ကိုင်သူ ဦးကိုလတ်ကပြောသည်။

ပုသိမ်ထီးလုပ်ငန်းသည် မြန်မာ့ရိုးရာလက်မှုလုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်ကာ ပုသိမ်မြို့၌ ပုသိမ်ထီးလုပ်ငန်းကြီး လုပ်ကိုင်သူနှင့် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူဦးရေ ၅၀ ကျော်အထိရှိကြောင်း၊ တစ်နိုင်တစ်ပိုင် လုပ်ကိုင်သူအများစုသည် ဆိုင်ကြီးများနှင့် အော်ဒါမှာယူသူများထံပြန်သွင်း၍ ရောင်းချကြကြောင်းသိရသည်။

ပုသိမ်ထီးကို မိုးဒဏ်လေဒဏ်မှ ကာကွယ်နိုင်ရန် အသုံးပြုကြခြင်းမဟုတ်ဘဲ နေအိမ်၊ ဟိုတယ်နှင့်အပန်းဖြေဥယျာဉ်များ၊ ပန်းခြံများတွင် အလှဆင်ကြရန် အဓိကအသုံးပြုလေ့ရှိပြီး မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားဧည့်သည်များကြား ပုသိမ်ထီးသည် ဝယ်ယူရန်ရေပန်းစားသော လက်ဆောင်ပစ္စည်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Source:** မြဝတီသတင်းစာ

## STOCK EXCHANGE (23.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +200 | +2.27% | 8,800 | 9,000 | 8,800 | 229 | 2,026,200 | 33,109,694 | 297,987 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,850 | 2,900 | 2,850 | 4,731 | 13,486,100 | 38,929,150 | 110,948 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 2 | 16,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 3,356 | 4,871,200 | 29,664,613 | 44,497 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 12,823,224 | 35,264 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 29 | 48,900 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 19 | 87,400 | 10,497,598 | 48,289 |
| MAEX | 00008 | 2,050 | +0 | +0.00% | 2,100 | 2,100 | 2,050 | 98 | 205,400 | 23,804,946 | 48,800 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 372.69 | +1.93 | +0.52% | 369.58 | 372.69 | 369.02 | 8,464 | 20,741,200 | 8 | 702,954 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

## Main Board

As of 1:00 pm, 23rd Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,464 (Shares) | 20,741,200 (MMK) |

| MYANPIX | 372.69 ▲ 1.93 |
|---|---|
| Total Volume (shares) | 8,464 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 702,954 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 200 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 2,050 | ▲ 0 |

TIR